# Tarbiyyat Workshop

Prepared by Mumtaz Salim (Secretary Tarbiyyat)

# ရည်ရွယ်ချက်

- ဆွလာတ်၏အနှစ်သာရကို ပြန်လည်သတိပြုမိစေရန်
- အပေါ်ယံဆွလာတ်နှင့် အနှစ်သာရပြည့်ဝသည့် ဆွလာတ်၏ကွာခြားချက်ကို သိရှိစေရန်
- ဆွလာတ်နှင့် လူသား၏အကျင့်စရိုက်ကြားမှ ကွာဟချက်ကို သိရှိစေရန်
- ဆွလာတ်အားဖြင့် အရှင်မြတ်နှင့် နီးစပ်မှုကိုရရှိရန်

ကတိတော်ရမဆီဟ် (သခင့်အပေါ်ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ) ရှင်းပြသည်မှာ "ဆွလာတ်သည် လူတစ်ဦးကို မကောင်းသောလုပ်ရပ်များမှ ဝေးကွာစေသည်ဟု အလ္လာဟ် အရှင်မြတ်မှ မိန့်ကြားထားသည်။" သို့သော် လူတို့သည် ဆွလာတ်ရွတ်ဖတ်နေလင့်ကစား မကောင်းသည့် အလေ့အကျင့်များထဲတွင် ရှိနေကြသေးသည်ကို တွေ့နေရပြီး ၎င်းနှင့်စပ်လျဉ်းသည့် မေးခွန်းအချို့လည်း ပေါ်ပေါက်နေသေးသည်။

- ပဉ္စမခလီဖတွလ်မဆီဟ် (အရ) -

?

- "ဆွလာတ်သည် လူသားကို မကောင်းသည့်လုပ်ရပ်များ ကျူးလွန်မှုမှ ကာကွယ်ပေးသည်" ဆိုသည်မှာ မည်သည်ကို ဆိုလိုပါသနည်း။

အဖွဲ့ဝင်များ၏အဖြေ .......

# ဆွလာတ်

ဆွလာတ်ဝတ်ပြုသူသည် မကောင်းမှုအားလုံးမှ ရှောင်ကြဉ်နိုင်သွားပြီး သန့်ရှင်းစင်ကြယ်သူတစ်ဦးဖြစ်သွားခြင်းကို ဆိုလိုသည်။

- တမန်တော်မြတ် (ဆွ) ၏ ဟဒီးစ်

ကျွန်ုပ်တို့ဟာ မကောင်းမှုအားလုံးက နေရှောင်ကြဉ်နိုင်ပြီလား။

ကျွန်ုပ်တို့၏ဆွလာတ်သည် ကျွန်ုပ်တို့၏ ဘဝကို ပြောင်းလဲစေပြီလား။

# ကျွန်ုပ်တို့ဟာ ဆွလာတ်ဝတ်ပြုသော်လည်း ....

မုသားပြောခြင်း
မာန်မာနထောင်လွှားခြင်း
မနာလိုမုန်းတီးခြင်း

စာနာမှုကင်းမဲခြင်း
မကောင်းထင်မြင်ခြင်း
ဒေါသကိုမထိန်းချုပ်ခြင်း

မပြောသင့်သည်ကိုပြောခြင်း
မကြည့်သင့်သည်ကိုကြည့်ခြင်း
မလုပ်သင့်သည်ကိုလုပ်ခြင်း

အစရှိသည့် မကောင်းသည့် အကျင့်များကို အဘယ်ကြောင့် ပြုလုပ်နေကြပါသလဲ။

ကတိတော်ရမဆီဟ် (သခင့်အပေါ်ငြိမ်းချမ်းခြင်းသက်  ရောက်ပါစေ) မိန့်ကြားချက်အရ ထိုမေးခွန်းအတွက်အဖြေမှာ “သူတို့သည် ဆွလာတ်များကို စိတ်ပါဝင်စားစွာ၊ စစ်မှန်စွာ မဝတ်ပြုကြသေးဘဲ အစဉ်အလာတစ်ခုသဖွယ် သို့မဟုတ် အလေ့အထတစ်ခုသဖွယ် ရွတ်ဖတ်နေကြသော ကြောင့်ဖြစ်သည်။”

- ပဌမခလီဖတွလ်မဆီဟ် (အရ) -

- ဆွလာတ်တွင် စိတ်ပါဝင်စားမှုမရှိခြင်းဆိုသည်မှာ အဘာယ်နည်း။
- အဘာယ်ကြောင့် စိတ်ပါဝင်စားမှု မရှိရသနည်း။

အဖွဲ့ဝင်များ၏အဖြေ .......

“

ဆွလာတ်ရွတ်ဖတ်လင့်ကစား မကောင်းသည့်လုပ်ရပ်များ ပြုလုပ်နေသေးသူများမှာ သူတို့၏ဆွလာတ်သည် အပေါ်ယံဆွလာတ်များဖြစ်နေပြီး သူတို့သည် ဆွလာတ်၏ အနှစ်သာရကို နားမလည်ကြ၍ဖြစ်သည်။ သို့ဖြစ်ရာ ထိုသို့သောအခြေအနေသည် အလွန်မှ စိုးရိမ်ဖွယ်အခြေအနေဖြစ်သည်။ ကျွန်ုပ်တို့ တစ်ဦးစီသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အခြေအနေများကို စမ်းစစ်သုံးသပ်သင့်သည်။

- ပဌမခလီဖတွလ်မဆီဟ် (အရ) -

- ဆွလာတ်၏အနှစ်သာရကို မည်သို့နားလည်ပါသနည်း။

အဖွဲ့ဝင်များ၏အဖြေ .......

# ဆွလာတ်၏အနှစ်သာရ

- ကယာမ် ရပ်ခြင်းသည် အရှင်မြတ်အတွက် အလုံးစုံသောအခက်အခဲကို ခံစားရန် အရှင့်၏ အမိန့်အားလုံးကို နာခံရန် အဆင်သင့်ဖြစ်ကြောင်းပြသခြင်း
- ရုကူ ဦးညွတ်ခြင်းသည် အခြားသော ချစ်ခြင်းနှင့် ဆက်နွယ်မှုအားလုံးကို စွန့်လွှတ်လျက် အရှင့်ထံသို့သာလှည့်ပြီး အရှင်တစ်ပါးတည်းကသာ မိမိကိုပိုင်ဆိုင်ကြောင်းပြသခြင်း
- ဆက်ဂျဒါ ဦးချခြင်းသည် အရှင့်၏ပလ္လင်တော်အောက်သို့ ဝပ်ဆင်းလျက် ကိုယ်ရေးကိုယ်တာတွေးထင်မှုများကို စွန့်လွှတ်လျက် မိမိတည်ရှိမှုကိုပင်လျှင် စွန့်လွှတ်လိုက်ခြင်း

“

ထိုအရာသည် ဘုရားရှင်နှင့် ဆက်နွယ်မှုတည်ဆောက်ရန် ကူညီပေးသည့် ဆုတောင်း ဖြစ်ပြီး ထိုအရာသည် အစ္စလာမ် ရှရီအက်မှ ရုပ်ပိုင်းဆိုင်ရာ ဆုတောင်းမှ ဝိညာဉ်ပိုင်းဆိုင် ရာ ဆုတောင်းဖြစ်စေနိုင်မည့် နေ့စဉ်ဆွလာတ်ပုံစံဖြင့် ပြဋ္ဌာန်းထားသည့် ဆုတောင်းဖြစ် သည်။

- ကတိတော်ရမဆီဟ် (အ) -

# ဆွလာတ်၏အနှစ်သာရ

အကျဉ်းချုပ်တစ်ကြောင်းဖြင့်ဆိုရသော်—

ဆွလာတ်၏အနှစ်သာရဆိုသည်မှာ

မိမိသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တွင် ရပ်နေကြောင်းကိုစိတ်၊ ဝိညာဉ်နှင့် အပြုအမူအားလုံး

ဖြင့် သိရှိနေခြင်း ဖြစ်သည်။

# ဆွလာတ်၏အနှစ်သာရ

- × ကျွန်ုပ်တစ်ဦးတည်း ပြောနေခြင်းမဟုတ်
- ✓ အရှင်မြတ်နှင့် စကားပြောနေခြင်းဖြစ်

အလုံးစုံ သိရှိတော်မူသောအရှင် ၊ အလုံးစုံကို တတ်စွမ်း နိုင်သောအရှင်၊ ကြားတော်မူသောအရှင်၊ မြင်တော်မူသောအရှင်၊ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်၊ ကျွန်ုပ်တို့၏ အရှင်သခင်၊ ကျွန်ုပ်တို့၏ အဆွေခင်ပွန်း၊ ကျွန်ုပ်တို့၏ လမ်းပြသူ၊ ကျွန်ုပ်တို့၏ ကူညီသူ၊ .....

# အရှင်မြတ်ကို စစ်မှန်သော ဂုဏ်အရည်အချင်းကို သိရှိခြင်း

- ✓ အရှင်မြတ် ပြဌာန်းထားသည့် ဆွလာတ်၏ ကျင့်ဝတ်များကို ဖြည့်ဆည်းလာမည်။
- ✓ အရှင်မြတ်ကိုမြင်တွေ့ရမည့် ဆွလာတ်များ ရွတ်ဖတ်ချင်လာမည်။
- ✓ အရှင်မြတ်နှင့် အမြဲတွေ့ချင်လာမည်။
- ✓ အရှင်မြတ်ကို ချစ်၍လည်းကောင်း၊ ကြောက်၍လည်းကောင်း အပြစ်ရှောင်တတ်လာမည်။

အရှင်မြတ်မှ မိမိကိုယ်မကောင်းသည့်အရာများမှ ရှောင်ကြဉ်နိုင်စွမ်းပေးလာမည်။

“

တမန်တော်မြတ် (ဆွ) သခင်သွန်သင်ပေးခဲ့သည့် ဆွလာတ်သည် ထိုသို့သော ဆွလာတ်ဖြစ်၏။ အကြင်သူသည် ထိုဆွလာတ်ကို ဝတ်ပြုသည့်အခါ သူတော်စင်တို့နှင့် ပေါင်းစည်းသွားပြီး အပြစ်များသည် ထိုသူ့ထံမှ ထွက်ခွာသွား၏။ ထိုသူ၏ ဆုတောင်းများသည် လက်ခံခြင်းခံရပြီး ထိုသူသည် အရှင်မြတ်၏ အနီးပါးသို့ ရောက်ရှိသွား၏။

- ကတိတော်ရမဆီဟ် (အ) -

# ဆလာတ်၏အနှစ်သာရကိုမည်သို့ခံစားမည်နည်း။

?

# ဆွလာတ်ဏ္ဍ၏အနှစ်သာရကိုမည်သို့ခံစားမည်နည်း။

✓ နှိမ့်ချကျိုးနွံခြင်း

✓ မိမိကိုယ်ကို သုံးသပ်ခြင်း

✓ ကြိုးစားအားထုတ်ခြင်း

**ဒိုအာဆုတောင်းခြင်း**

# Key Take Aways

- ✓ ဆွလာတ်ဝတ်ပြုခြင်းကို အလ္လာဟ်နှင့်တွေ့ဆုံခြင်းဟု သိထားပါ။
- ✓ ဆွလာတ်အတွင်း ရွတ်ဆိုသည့်စကားများကို အလ္လာဟ်ကို ပြောခြင်းဖြစ်ကြောင်းသိထားပါ။
- ✓ မကောင်းမှုတစ်ခုမပြုလုပ်မီ ဆွလာတ်ဝတ်ပြုချိန်တွင် အလ္လာဟ်အရှင်မြတ်နှင့်တွေ့ရမည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို သိထားကြောင်း သတိပြုပါ။
- ✓ မှန်ကန်သည့် ဆွလာတ်ဝတ်ပြုနိုင်ရန်၊ အပြစ်အားလုံးကို ရှောင်နိုင်ရန် ဒိုအာတောင်းပါ။

May our salat be always alive!